*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

# အပိုင်း ၂ ၊ အခန်း ၂ – လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သိရှိနားလည်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအကြောင်းအရာများကို နားလည် သဘောပေါက်နိုင်မည်-

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား-မ (gender) အခြေပြုအကြမ်းဖက်မှုအကြောင်းအရာကို ရှင်းပြနိုင်ခြင်း
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမျိုးအစားများ၊ ပုံစံများနှင့် ဖြစ်နိုင်ချေရှိသော ကျူးလွန်ခံရသူများ
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဆက်နွယ်နေသည့် သမာရိုးကျပုံစံများကို မှတ်မိခြင်း

**သင်တန်းကြာမြင့်ချိန်** - ၉၀ - ၁၂၀ မိနစ်

**လေ့ကျင့်ခန်း** - ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) အား မှတ်မိခြင်း (၃၀ - ၆၀ မိနစ်)

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၁၆-၂၇ ၊ အခန်း ၇ -မထိခိုက်စေပါနှင့် Do No Harm ၊ အခန်း ၈ - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉ - စီမံချက်ရေးစွဲခြင်း၊ အခန်း ၁၁ - တွေ့ဆုံ မေးမြန်းခြင်း၊ အခန်း ၁၄ - သက်သေခံအထောက်အထားများနှင့် အချက်အလက်များကို စိစစ်အကဲဖြတ် ခြင်း၊ အခန်း ၁၅ - စိတ်ဒဏ်ရာ၊ အခန်း - ၁၆ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၊ အခန်း -၁၇ အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လက်စွဲ စာအုပ်

ဤသင်ခန်းစာသည် သင်တန်းပထမနေ့၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သင့်သည်။ နောက်ဆက်တွဲ သင်ခန်းစာများအားလုံးသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှာ အဘယ်နည်း၊ မည်သို့သော ပုံစံဖြစ်လာနိုင် သနည်း၊ ကျူးလွန်ခံရသူများအပြင် ၎င်းတို့၏ မိသားစုများနှင့် အသိုင်းအဝိုင်းများပေါ်တွင် မည်သို့သော သက်ရောက်မှုရှိနိုင်သည်တို့အပေါ်တွင် သင်တန်းသားများ၏ ခိုင်မာစွာ အသေးစိတ်နားလည်သဘောပေါက်မှု အပေါ် မူတည်သည်။ သင်တန်းသားများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား-မ (gender) အခြေပြု အကြမ်းဖက်မှုကိုလည်း ခွဲခြားနိုင်သင့်သည်။ ဤသင်တန်းကို ပို့ချမည့် သင်တန်းဆရာသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်အတတ်ပညာနယ်ပယ် အတွေ့အကြုံရှိရမည်ဖြစ်ပြီး၊ သင်တန်းသား များကို ၎င်းတို့၏ လုပ်ငန်း ပထဝီဝင်နယ်ပယ်များအလိုက် (ဥပမာ - လူမျိုး၊ စီးပွားရေး၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေး စေ့ဆော်မှုများ၊

*© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

စစ်တပ် သို့မဟုတ် လုံခြုံရေး ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ သီးခြား အုပ်စုများကို ပစ်မှတ်ထားခြင်းတို့ကို ဆိုလိုခြင်းဖြစ်သည်။) ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ် သည့် လိင်အကြမ်းဖက်မှု (CARSV) အတွက် အချက်အလက်များ သို့မဟုတ် ဆက်စပ်နေသော ပုံစံများကို အကောင်းဆုံး မျှဝေပေးနိုင်သူဖြစ်ရမည်။ ရရှိနိုင်သောအချိန်ပေါ်မူတည်၍၊ သင်တန်းဆရာသည် သင်တန်းပို့ချ နေစဉ်နှင့် လေ့ကျင့်ခန်း၏ တစ်စိတ်တစ်ပိုင်းအနေနဲ့ သင်တန်းသားအချင်းချင်း အပြန်အလှန်ဆွေးနွေးမှုကို တတ်နိုင်သမျှ အားပေးသင့်သည်။

သင်တန်းဆရာသည် ပါဝါပွိုင့်တစ်ခုစီ၏ ဆွေးနွေးမှုတစ်ခုတိုင်းတွင် အဖွဲ့အား ဦးဆောင်သင့်သည် - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက ဘာလဲ၊ ဘယ်သူတွေထိခိုက်နိုင်သလဲ၊ သက်ရောက်မှုတွေက ဘာလဲ - ၎င်းတို့၏ ဒေသဆိုင်ရာ အကြောင်းအရာများတွင် ၎င်းတို့၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်များနှင့် အတွေ့အကြုံများကို ဆွေးနွေးရန် သင်တန်းသားများအား တိုက်တွန်းရမည်။ ထို့နောက် သင်တန်းဆရာသည် အဆိုပါ ပါဝါပွိုင့် အချပ်များရှိ ကျန်အချက်အလက်များကို ပြသပြီး အုပ်စုလိုက်ဆွေးနွေးမှုတွင် မဖော်ထုတ်ရသေးသည့် ကိစ္စရပ် များကို မီးမောင်းထိုးပြရမည်။ သင်တန်းသားများအား ဤအကြောင်းအရာနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ စဉ်းစားရန် နှင့် အချို့သော အဓိကအချက်များ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် မုဒိမ်းမှုကို မဆိုလိုပါ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် လိင်ဆက်ဆံမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု မဟုတ်ဘဲ၊ အကြမ်း ဖက်မှု၊ အာဏာနှင့် ထိန်းချုပ်မှုတို့နှင့်ပတ်သက်ခြင်း၊ လှပသော မိန်းမပျိုများသည်သာ တစ်မျိုးတည်းသော သို့မဟုတ် ဖြစ်နိုင်ချေရှိသော ကျူးလွန်ခံရသူများမဟုတ်ကြောင်း၊ စစ်မှန်သော ဆန္ဒအလျောက် သဘောတူ ညီချက်ဆိုသည်မှာ အဘယ်နည်းနှင့် အချို့သောအခြေအနေများသည် စစ်မှန်သော သဘောတူညီချက်ကို မည်ကဲ့သို့ ဖျောက်ဖျက်နိုင်မည်၊ ထို့ကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားရသည့် အခြေအနေများတွင် သဘောတူညီမှုမရှိခြင်းကို သက်သေပြသရန် အဘယ်ကြောင့် အလွန်အရေးကြီးသည်တို့အား အထူးအလေး ထားရန် သင်တန်းဆရာမှ တိုက်တွန်းဖို့ အရေးကြီးသည်။ ဤသင်ခန်းစာသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်တွင် ကျင့်သုံးနိုင်သည့် သီးခြားဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များထက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နောက်ကွယ်ရှိ အချက်အလက်များနှင့် သဘောတရားများကို ရှင်းပြခြင်းဖြစ်ကြောင်း သင်တန်းသားများအား ရှင်းပြရမည်။ နောက်ပိုင်းကိစ္စရပ်သည် အခန်း (၄) - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန် ဝတ္တရားနှင့် အခန်း (၅) - နိုင်ငံ၏ တာဝန်ဝတ္တရားတွင် ဖော်ပြထားသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ သက်ရောက်မှုနှင့်ဆက်စပ်၍၊ သင်တန်းဆရာသည် ဖော်ပြထားသည့် ခေါင်းစဉ်တစ်ခုစီအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်ဖြစ်စေနိုင်သော ဥပမာများကို အကြံပြုရန်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အကျိုး သက်ရောက်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ကျွမ်းကျင်အတတ်ပညာနယ်ပယ် အတွေ့အကြုံမှ နမူနာများအပေါ်အခြေခံ၍ ဆွေးနွေးမှုပြုလုပ်ရန်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သင်တန်းသားများကို တောင်းဆိုသင့်သည်။ သင်တန်းဆရာမှ အချို့သော အန္တရာယ်ပုံစံများ (ဥပမာ - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ လူမှုစီးပွားနှင့် ဥပဒေ) သည် ကျူးလွန်သူများအားလုံးပေါ်မည်ကဲ့သို့ ထိခိုက်စေနိုင်ပြီး၊ အချို့သော အန္တရာယ်များသည် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ကွဲပြားသည့် သက်ရောက်မှုရှိနိုင်သည်ကို စဉ်းစားရန် သင်တန်းသားများကို တိုက်တွန်းသင့်သည်။ သင်ခန်းစာ၏ ဤအပိုင်း၏ ရည်ရွယ်ချက်မှာ သင်တန်းသားများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တိုက်ရိုက်ကျူးလွန်ခံရသူများ အတွက်သာမက ၎င်းတို့၏ မိသားစု၊ အသိုင်းအဝိုင်းများနှင့် ၎င်းတို့ထက်ကျော်လွန်၍ မည်ကဲ့သို့ အန္တရာယ်များရှိ နိုင်သည်ကို လေးလေးနက်နက် ဂရုတစိုက် စဉ်းစားရန်ဖြစ်သည်။

ဖြစ်ပေါ်လာသည့် မတူညီသော အန္တရာယ်အမျိုးအစားများကို စနစ်တကျ သင့်လျော်စွာ စာရွက်စာတမ်းပြုစုခြင်း၏ အရေးကြီးပုံနှင့် ဤအဆင့်တွင် အဆိုပါအန္တရာယ် ကျူးလွန်ခံရသူများကို သတိပေးခြင်း (ထိုကဲ့သို့ လုပ်ဆောင်ရခြင်း၏ အကြောင်းအရင်း တစ်ခုမှာ ၎င်းသည် ပြန်လည်ကုစား ပေးလျော်မှုများ၏ ပုံစံနှင့် အကောင် အထည်ဖော်ဆောင်မှုနှင့် ဆက်စပ်မှုရှိနိုင်ခြင်းကြောင့်ဖြစ်သည်) ကို ရှင်းပြရမည်။ ရည်ရွယ်ချက်မှာ လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှု ကျူးလွန်ခံရသူတစ်ဦးကို ကျူးလွန်သူမှ ရှေးဦးစွာ ထိခိုက်နစ်နာစေခဲ့ခြင်းဖြစ်ကြောင်း သိရှိ နားလည်စေရန်ဖြစ်ပြီး၊ ထို့နောက်တွင် ၎င်းတို့၏ မိသားစု၊ အသိုင်းအဝိုင်းနှင့် အာဏာပိုင်များက မကြာခဏ ဆိုသလို ထိခိုက်နစ်နာစေသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အထူးသဖြင့် ပဋိပက္ခ၊ ရက်စက်ကြမ်း ကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) သည် မှောက်မှားမှုတစ်ခု၊ ကိုယ်ရေးကိုယ်တာ သို့မဟုတ် ရှက်ဖွယ်ကိစ္စတစ်ခုမဟုတ်ကြောင်း၊ ထိခိုက်နစ်နာမှုပုံစံများစွာကို ဖြစ်ပေါ်စေသည့် သာမန်ထက် လွန်ကဲသော အဖျက်အဆီးပုံစံတစ်ခုသာဖြစ်ပြီး၊ ၎င်းသည် အရှက်တရား၊ ကြောက်ရွံ့မှု၊ အင်အားမဲ့မှုနှင့် ထိန်းချုပ်နိုင်မှု ဆုံးရှုံးခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း သင်တန်းဆရာမှ အလေးထားရှင်းပြသင့်သည်။ လိင်ပိုင်းဆိုင် ရာ အကြမ်းဖက်မှုကို မှတ်တမ်းတင်/ မှတ်တမ်းပြုစုနေသူတိုင်းးသည် “မထိခိုက်စေပါနှင့်/ ပဋိပက္ခကို သတိပြုနားလည်မှု နှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု - (Do No Harm)” ကို ရည်ရွယ်ပြီး လုပ်ဆောင်ရုံသာမက၊ အသက်ရှင်ကျန်ရစ်သူများကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်ရန် လုပ်ပိုင်ခွင့် အာဏာပေးရန် ကြိုးစားအားထုတ်ပြီး၊ ဖြစ်နိုင်ပါက၊ ၎င်းတို့ကို တာဝန်ခံမှုရရှိရန် ကူညီဆောင်ရွက် ပေးသင့်ကြောင်း သင်တန်းဆရာမှ မီးမောင်းထိုးပြသင့်သည်။

ယုံမှတ်ခြင်းများနှင့် ပုံသေကားကျပုံစံများ ပါဝါပွိုင့်များ (အချပ် ၁၇-၁၈) အတွက်၊ သင်တန်းသားများ၏ ကျွမ်းကျင်အတတ်ပညာနယ်ပယ်နှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများတွင် ကြုံတွေ့ခဲ့ရသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် အဖြစ်များသော ယုံမှတ်ခြင်းများအကြောင်းကို ထပ်မံဆွေးနွေးရန် သင်တန်းဆရာမှ လှုံ့ဆော်သင့်သည်။ သင်တန်းသားများအား ၎င်းတို့ကြားသိခဲ့ရသည့် (သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ထင်မြင်ယူဆခဲ့ဖူးသည့်) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသူများအနေဖြင့် “မည်ကဲ့သို့ ခံစား၊ ပြုမူ၊ တုံ့ပြန်၊ ပြောဆို၊ ဝတ်စားဆင်ယင်သင့်သည် သို့မဟုတ်

*© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

အာဏာပိုင်များအခြားသူများနှင့် ပြောဆိုဆက်ဆံမှုရှိသင့်သည်" စသည့် ပုံသေကားကျပုံစံ ဥပမာများကို မေးမြန်းဆွေးနွေးသင့်သည်။ ဤ ယုံတမ်းများနှင့် ပုံသေကားကျပုံစံများသည် လွဲမှားနေသော်လည်း ၎င်းတို့သည် ပြင်းထန်စွာ သက်ရောက်ထိခိုက်မှု ဖြစ်ပေါ်စေနိုင်ကြောင်း သင်တန်းဆရာက အလေးထားရှင်းပြသင့်သည်။ သင်တန်းသားများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင်ထင်မြင် ယုံကြည်ချက်များကို ခွဲခြမ်းစိတ်ဖြာရန် မိမိကိုယ်ကို သိရှိနားလည်ရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ထိခိုက်စေနိုင် သော ယူဆချက်များ သို့မဟုတ် တင်ကူးမှန်းဆထားချက်များကို လက်မခံသင့်ပါ။ ယုံတမ်းခြင်းများနှင့် ပုံသေ ကားကျပုံစံများသည် အတွေ့အကြုံရှိသော မှတ်တမ်းတင်/ပြုစုသူတစ်ဦးကိုပင် ဖြစ်နိုင်ချေရှိသော သက်သေခံ အထောက်အထား/သတင်းအချက်အလက်များကို လျစ်လျူရှုစေခြင်း သို့မဟုတ် မှားယွင်းစွာ အကဲဖြတ်ခြင်း၊ အချက်အလက် ခိုင်လုံမှုအပေါ်တွင် မှားယွင်းစွာနှင့် ဘက်လိုက်မှုရှိစွာ အကဲဖြတ်မိခြင်း (ဥပမာ - စိတ်မချမ်းသာ ဖြစ်ခြင်းထက် စိတ်ဆိုးဒေါသထွက်နေသော ကျူးလွန်ခံရသူတစ်ဦးသည် လိမ်ညာနေတာဖြစ်ရမည်ဟု အကဲဖြတ်မိခြင်း) ကို ဦးတည်စေနိုင်ပြီး ၊ ၎င်းစိတ်အစွဲများသည် ကျူးလွန်ခံရသူတစ်ဦးနှင့် ပြောဆို ဆက်ဆံသည့်အခါတွင် ကျူးလွန်ခံရသူနှင့် ပြောဆိုနေပါလားဟု သတိမပြုမိနိုင်အောင် အဟန့်အတား ဖြစ်စေကြောင်း သင်တန်းဆရာမှ အလေးထားရှင်းပြသင့်သည်။ သင်တန်းသား များသည် ၎င်းတို့၏ တသီးပုဂ္ဂလအမြင် နှင့် ကျွမ်းကျင်အတတ်ပညာအရ ထင်မြင်ယူဆချက်များကို ကျော်လွန်၍ ကြည့်သင့် ကြောင်းနှင့် လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ အခန်းကဏ္ဍကို မခွဲခြားဘဲ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ သို့မဟုတ် မိန်းကလေးများဖြစ်စေ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူများ အားလုံးကို တရားမျှတမှု ရရှိစေရေးအတွက် တာဝန်ထမ်းဆောင်သင့်ကြောင်း တိုက်တွန်းသင့်သည်။

## လေ့ကျင့်ခန်း ညွှန်ကြားချက်များ

'ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်မှုနှင့် ဆက်စပ်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သိရှိနားလည်ခြင်း' လေ့ကျင့်ခန်းအတွက်၊ အဖွဲ့၏ အရွယ်အစားနှင့် ယခုသင်ခန်းစာအတွက် ရရှိနိုင်သော အချိန်ပေါ်မူတည်ပြီး၊ သင်တန်းဆရာသည် နောက်ဆုံးပါဝါပွိုင့်နှစ်ချပ်ရှိ ဇယားများထဲမှ နမူနာအချို့ (ဥပမာ - အထူးသဖြင့် အမျိုး သား၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုနှင့် ကျား-မ (gender) အခြေပြုအကြမ်းဖက်မှုတစ်ခုစီ အနည်းဆုံးပါဝင်သင့်သည်) ကို ရွေးထုတ်နိုင်သည် သို့မဟုတ် ၎င်းတို့ကို အလှည့်ကျ တစ်ခုစီ လုပ်ဆောင်ပါ။ ယခင်ပါဝါပွိုင့်အချပ်များတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို အခြေခံ၍ နမူနာဖော်ပြထားသော ကျူးလွန်မှုများသည် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် ကျား-မ(gender) အခြေပြု အကြမ်းဖက်မှု တို့တွင် အကျုံးဝင်မဝင်နှင့် အကယ်၍ အကျုံးမဝင်ဟုယူဆပါက အကြောင်းပြချက်များကို ဆွေးနွေးပြောကြားရန် တိုက်တွန်းသင့်သည်။

*© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

သင်တန်းဆရာမှ ရှင်းလင်းသော ညွှန်ကြားချက်များကို လေ့ကျင့်ခန်းမတိုင်ခင် ပေးသင့်ပြီး၊ သင်တန်းသားများအားလုံးသည် ဥပဒေအကြောင်းတရားများထက် အဆိုပါ ကျူးလွန်လုပ်ဆောင်မှုများ၏ အတိုင်းအတာပမာဏကို ပိုမိုအာရုံစိုက်သင့်ကြောင်း အလေးထားရှင်းပြသင့် သည်။ ဖော်ပြထားသော ဥပမာများအားလုံးသည် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် ကျား-မ (gender) အခြေပြု အကြမ်းဖက်မှု အခြေအနေများဖြစ်သည်။ သို့သော်လည်း သင်တန်းသားများ၏ အခြေအနေနှင့် နောက်ခံ အပေါ်မူတည်၍ ၎င်းအခြေအနေများကို ယခင်ကလည်း ထိုကဲ့သို့ မမှတ်မိခဲ့ သတိမထားမိခဲ့ ကောင်းဖြစ်နိုင်သည်။

အကယ်၍ နောက်ဆက်တွဲ လေ့ကျင့်ခန်းအတွက် အချိန်ရှိခဲ့လျှင် (ဤသင်ခန်းစာ သို့မဟုတ် နောက်သင်ခန်းစာ)၊ အဆိုပါ ဥပမာပေးထားသော ဖြစ်စဉ်များသည် ၎င်းတို့၏ နိုင်ငံများတွင် တရားမဝင် သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းနယ်ပယ်တွင် သက်ဆိုင်သော ဥပဒေ ဖြစ်မဖြစ် သင်တန်းသားများအား ထည့်သွင်းစဉ်းစားဆွေးနွေးရန် သင်တန်းဆရာမှ မေးမြန်းနိုင်သည်။ ယင်းအတွက် အဓိကရည်ရွယ်ချက် နှစ်ခုရှိသည် - (၁) ဥပဒေသည် ကျူးလွန်ခံရသူများအတွက် လုံလောက်သော အကာအကွယ်ပေးနိုင်မှု ရှိမရှိ သင်တန်းသားများကို အရေးတကြီး စဉ်းစားနိုင်ရန် (နိုင်ငံများစွာတွင် ကျူးလွန်ခံရသူ၏ လိင် (sex) သို့မဟုတ် ကျား-မ (gender) မခွဲခြားဘဲ ဥပဒေ သည် လုံလောက်သည့်အကာအကွယ်မပေးနိုင်ကြောင်းနှင့် မကြာခဏဆိုသလို အထူးသဖြင့် အမျိုးသားများ အတွက် ခက်ခဲကြောင်း သင်တန်းဆရာမှ အလေးထားရှင်းပြသင့်သည်)၊ (၂) အခန်း ၃ မှ ၆ တွင် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) အတွက် သက်ဆိုင်သည့် ဥပဒေမူ ဘောင်ကို မိတ်ဆက်ခြင်းအတွက် သင်တန်းသားများကို ပြင်ဆင်ပေးရန်ဖြစ်သည်။ ဖော်ပြထားသည့် ဥပမာများ အားလုံးတွင် ရာဇဝတ်မှု သို့မဟုတ် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်မှုပါဝင်သော်လည်း သင်တန်းသားများ လုပ်ကိုင်ဆောင်ရွက်နေသည့် ဒေသဆိုင်ရာ အကြောင်းအရာတွင် ၎င်းသည် လွယ်ကူ ရှင်းလင်းမနေပါ။ ဤလေ့ ကျင့်ခန်း၏ အရေးကြီးဆုံးအချက်မှာ မတူညီသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားနိုင်သည့် ပုံစံအမျိုးမျိုး နှင့် မတူညီသော လူတစ်ဦးတစ်ယောက်ချင်းစီကို ပစ်မှတ်ထားနိုင်သည့် နည်းလမ်းများကို သိရှိနားလည်စေရန် ဖြစ်သည်။

*© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*